
# Wire World-Class Secure Messenger



# Wire ကိုသိပြီးပြီလား?

ဒီနေ့ လူတွေတော်တော်များများရဲ့ အချိန်တွေက တစ်ယောက်နဲ့တစ်ယောက် ချိတ်ဆက်ပြောဆိုဆက်သွယ်မှုတွေ ပြုလုပ်နေရပါတယ်။ အဲ့လို ပြောဆိုဆက်သွယ်မှုတွေမှာ မက်ဆေ့(ချ်) ပေးပို့ပြီး အပြန်အလှန် ဆက်သွယ်နိုင်တဲ့ Application တွေကနေရာယူလာပါတယ်။



- မိတ်ဆွေတို့သတိထားဖို့လိုတာက အဲ့ဒီကြားခံဆက်သွယ်နေတဲ့ App (သို့) Software တွေရဲ့ နောက်မှာ ကျွန်တော်တို့ ဒေတာတွေကို ဘယ်လိုယူတယ်.. ဘယ်လိုသိမ်းဆည်းပြီး..ဘယ်သူတွေနဲ့ မျှဝေနေလဲဆိုတာကိုပါ။ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်တဲ့အခါမှာ အဆက်အသွယ် ပြုလုပ်နေတဲ့သူနှစ်ဦး (ဒါမှမဟုတ်) အဖွဲ့အစည်းတွေ အချင်းချင်းမျှဝေ တဲ့ သတင်းအချက်အလက်၊ ဒေတာတွေက လုံခြုံဖို့လိုအပ်ပါတယ်...

- ဒီနေ့မှာတော့ အားလုံးကို Wire ဆိုတဲ့ App လေးနဲ့မိတ်ဆက်ပေးပါရစေ။ Wire ကတော့ တစ်ခြားသော App တွေလောက် လူသုံးမများပေမယ့် တော်တော်လေးကို ကောင်းတဲ့ App ဖြစ်တာကြောင်းမိတ်ဆက်ပေးပါရစေ။

# Wire ကိုဘာလို့သုံးသင့်တာလဲ?

**Wire ကိုသုံးသင့်တဲ့ အကြောင်းပြချက် (၃) ခုရှိပါတယ်။**
(ဖုန်းနံပါတ် နဲ့ မဟုတ်ပဲ email address နဲ့ sign up လုပ်သုံးလို့ရပါတယ်)


1. ပထမဆုံးအချက်အနေနဲ့ကတော့ **End-to-End Encryption ကိုအပြည့်အဝထောက်ပံ့ပေးပါတယ်။** User အချင်းချင်းတွေကို Wire ကနေကြားဖြတ်နားထောင်ခြင်းမရှိသလို..တစ်ခြားကုမ္ပဏီတွေနဲ့ မျှဝေခြင်းမရှိပါဘူး။
2. ဒုတိယအချက်အနေနဲ့ကတော့ **Independently audited** ပါ။ Security အတွက် အမြဲတမ်းစစ်ဆေးတဲ့ ပြီး စစ်ဆေးတဲ့ ရလဒ်တွေကိုလည်း ချပြပါတယ်။
3. နောက်တစ်ခုကတော့ **Wire ကိုကွန်ပျူတာမှာရော..ဖုန်းအမျိုးအစား အကုန်မှာ တစ်ကိုယ်ရည်သုံး Wire Personal ကို အခမဲ့ သုံးနိုင်ပါတယ်။**

ကျန်တဲ့ Wire for Enterprise နဲ့ Wire for Government တွေကတော့ အဖွဲ့အစည်းအကြီးကြီးနဲ့ စီးပွားရေး နိုင်ငံရေး Corporation အကြီးကြီးတွေအတွက် ရည်ရွယ်ထားတာဖြစ်ပြီး ပိုက်ဆံပေးပြီးမှ သုံးနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီထဲမှာတော့ အဖွဲ့ဝင်တွေကို စီမံခန့်ခွဲတဲ့ Tools တွေအပြင်..လူအများကြီးနဲ့ Video Conferencing လုပ်တဲ့ feature တွေလည်းပါဝင်ပါတယ်။



***လုံခြုံရေးအကြောင်း ခရေစေ့ တွင်းကျသိတဲ့ Edward Snowden ကိုယ်တိုင်ကလည်း Signal နဲ့ Wire App ကိုသုံးဖို့ Recommend လုပ်ထားတာလည်းဖြစ်ပါတယ်။***

# Wire ကိုဘယ်လိုသုံးမှာလဲ?





ပုံမှန် Application တွေလိုပဲ App ကို Download ဆွဲပြီး အကောင့်ဖွင့်ဖို့လိုပါတယ်။ အကောင့်ဖွင့်တဲ့နေရာမှာ ဖုန်းနံပါတ်နဲ့လည်း ဖွင့်နိုင်သလို Email လည်းဖွင့်လို့ရပါတယ်။ ဒါကတော်တော်လေးကောင်းတဲ့အချက်ပဲဖြစ်ပါတယ်။


- Email ထည့်ပါ
- Password ထည့်ပါ
- Email ထဲရောက်လာသော Verification Code ကိုရိုက်ထည့်ပေးရင် Wire စသုံးနိုင်ပါပြီ။


Wire တွင်လည်း အခြားသော ဆက်သွယ်ရေး application များကဲ့သို့ပင် Message ပေးပို့ခြင်း/ ဖုန်းခေါ်ခြင်း/ ဗီဒီယို ခေါ်ခြင်းများပြုလုပ်နိုင်ပြီး ဓါတ်ပုံ/ အသံဖိုင်နှင့် အခြားသော ဖိုင်အမျိုးအစား အားလုံးကိုပေးပို့နိုင်ပါသည်။ Signal နှင့် Telegram App နှစ်ခုကို ပေါင်းထားသည့် App သဖွယ်ဖြစ်ပါသည်။

# Wire Setting အားချိန်ညှိခြင်း

**Wire setting ထဲသို့ဝင်ပါက Account ကိုတွေ့ရမည်ဖြစ်ပြီး Setting များချိန်ညှိရန်လိုအပ်ပါသည်။**




Phone: ဖုန်းနံပါတ်မထည့်လည်းသုံးလို့ရပါသည်။

Profile Link: မိမိ၏အကောင့် Link ဖြစ်ပါသည်။ မိမိ၏ မိတ်ဆွေများအား ဝေမျှနိုင်သည်။

Back up conversation: မိမိပြောသော Chat များအား Backup ပြုလုပ်နိုင်ပြီး ထို Backup File အား လုံခြုံအားကောင်းသော Password တစ်ခုပေး၍ ပြုလုပ်နိုင်ပါသည်။


Reset Password: မိမိအကောင့် Password ပြောင်းလဲပြင်ဆင်နိုင်သည်။


Delete Account: မိမိအကောင့်အား ရာသက်ပန်ဖျက်နိုင်သည်။

Log out: အကောင့်အား ခဏ Log Out ထွက်ခြင်းဖြစ်ပါသည်။ အကောင့်ပြန်ဝင်ပါက Password မှတ်မိရန်လိုအပ်ပါသည်။

# Message များဖျက်ခြင်းနှင့် Disappearing Message


ဆက်သွယ်ပြောဆိုနေသည့် Chat တွင် Message အားဖိထား၍ Message များဖျက်နိုင်ပါသည်။ Type a Message ဘေးနားက နာရီပုံကိုနှိပ်ခြင်းဖြင့်လည်း အချိန်သတ်မှတ်ပြီး အလိုအလျောက် Message ဖျက်သည့် Setting ကိုထားရှိနိုင်ပါသည်။



# ကိုယ့်အကောင့်ကို Device ဘယ်လိုစစ်မလဲ?


မိမိအကောင့်ကို ဘယ် Device တွေဝင်နေလဲဆိုတာကိုစစ်ဆေးလို့ရသလို မိမိအသုံးပြုနေကျ စက်ပစ္စည်းမဟုတ်ပါကလည်း တစ်ခါတည်း Remove Device လုပ်ပြီးထွက်နိုင်ပါသည်။ လူတစ်ယောက်ချင်းစီရဲ့ လက်ဗွေရာ မတူနိုင်သလို...Wire ကစက်ပစ္စည်းတစ်ခုချင်းစီကိုပေးတဲ့ Key fingerprint Device တစ်ခုနှင့်တစ်ခုလုံးဝမတူညီသောကြောင့် မိမိနှင့် ဆက်သွယ်ပြောဆိုသော သူများ နံပါတ်များကို တိုက်စစ်၍ လည်း လုံခြုံရေးတိုးမြှင့်နိုင်ပါသည်။





- **Setting ထဲမှ Devices** ကိုဝင်ပါ
- မိမိအကောင့်အားဝင်နေသောစက်ပစ္စည်းများအားတွေ့ရပါမည်
- တစ်ခုချင်းစီနှိပ်၍ **Key Fingerprint** စစ်နိုင်သလို
- မလိုအပ်သော Device များကို **Remove Device** လုပ်ခြင်းအားဖြင့် ထွက်နိုင်ပါသည်။

# Wire ၏ Option Setting ကိုဝင်ရောက်ချိန်ညှိခြင်း

Option Setting ထဲတွင်မှ မိမိနှင့်အဆင်ပြေသော Setting များအားချိန်ညှိနိုင်ပါသည်။




- **Message Preview**: မိမိအားပေးပို့လာသော Message ပေးပို့သူနှင့် ပေးပို့သည့်အကြောင်းအရာ အကျဉ်းချုပ်အားဖော်ပြခြင်းကိုပိတ်သင့်သည်။
- **Message Banners**: မိမိအားပေးပို့လာသော Message အား Banner အနေဖြင့်ဖော်ပြခြင်းကိုပိတ်ပါ။
- **Lock with Passcode**: App အား လက်ဗွေရာဖြင့်သော်လည်းကောင်း/ လျို့ဝှက်ဖြင့်သော်လည်းကောင်း Passcode ထားသင့်ပါသည်။

***Wire သည် Signal နှင့် Telegram ကိုပေါင်းစပ်ထားသော App ပုံစံမျိုးဖြစ်ပါသည်။ Two-Step Verification မပါပေမယ့် App ၏ အလုပ်လုပ်ပုံမှ လုံခြုံသောကြောင့် မိမိတို့အနေဖြင့် အသုံးပြုဖို့ လိုအပ်သည့်အခြေအနေတွင် အသုံးပြုနိုင်ပါသည်။***